FNI

# ပြင်းထန်သောရောဂါကုသမှုအာမခံ

လေဖြတ်ခြင်း၊ နှလုံးရပ်ခြင်း၊ ကင်ဆာစသည့် ပြင်းထန်သောရောဂါများကုသရမှု ကြုံရပါက အကျိုးခံစားခွင့်ပြန်လည်ရရှိနိုင်သော အာမခံ အမျိုးအစားဖြစ်ပါသည်။

**အာမခံထားခွင့်ရှိသူ** - အသက် (၆) နှစ်မှ (၆၀) နှစ်အတွင်းရှိသူများ (တစ်ဦးချင်းသော်လည်းကောင်း ၊အစုအဖွဲ့လိုက်သော် လည်းကောင်း ထားရှိနိုင်ပါသည်။)

**အာမခံသက်တမ်း** - (၁) နှစ်

**ပရီမီယံနှုန်း** - (၁) ယူနစ် မှ (၁၀) ယူနစ်အထိ အများဆုံးဝယ်ယူနိုင်ပြီး အာမခံထားသူ၏ အသက်နှင့် ဝယ်ယူသော ယူနစ်အပေါ် မူတည်၍ ပရီမီယံနှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပြင်းထန်သောရောဂါကုသမှုအာမခံပရီမီယံနှုန်းဇယား**

| စဉ် | အာမခံအကာအကွယ် | အသက် | တစ်ဦးချင်းထားရှိမှု | | အစုအဖွဲ့လိုက်ထားရှိမှု | | |
|---|---|---|---|---|---|---|---|
| | | | ၆လ တစ်ကြိမ်ပေး | တစ်လုံး တည်းပေး | ၃လ တစ်ကြိမ်ပေး | ၆လ တစ်ကြိမ်ပေး | တစ်လုံး တည်းပေး |
| ၁။ | ပြင်းထန်သော ရောဂါ ကုသမှုအာမခံအကာ အကွယ် - ၁ ယူနစ် | ၆ ~၃၀ | ၄,၅၀၀ | ၈,၈၀၀ | ၂,၂၀၀ | ၄,၃၀၀ | ၈,၄၀၀ |
| | | ၃၁~၄၀ | ၇,၈၀၀ | ၁၅,၄၀၀ | ၃,၉၀၀ | ၇,၄၀၀ | ၁၄,၆၀၀ |
| | | ၄၁~၅၀ | ၁၂,၃၀၀ | ၂၄,၂၀၀ | ၆,၁၀၀ | ၁၁,၇၀၀ | ၂၃,၀၀၀ |
| | | ၅၁~၆၀ | ၁၉,၀၀၀ | ၃၇,၄၀၀ | ၉,၄၀၀ | ၁၈,၁၀၀ | ၃၅,၅၀၀ |

**ပြင်းထန်သောရောဂါကုသမှု အာမခံထားခြင်းဖြင့် အောက်ဖော်ပြပါရောဂါများ မမျှော်လင့်ဘဲကြုံတွေ့ရပါက အကျိုးခံစားခွင့် ပြန်လည် တောင်းခံ နိုင်ပါသည်။**

| စဉ် | အာမခံအကာအကွယ် | လျော်ကြေးပေးချေရမည့်အကြောင်းရင်း | အကျိုးခံစားခွင့်ငွေ |
|---|---|---|---|
| ၁။ | ပြင်းထန်သော ရောဂါကုသမှု အာမခံအကာအကွယ် (၁) ယူနစ် | ၁။ Heart Attack (နှလုံးရပ်ခြင်း)<br>၂။ Stroke (လေဖြတ်ခြင်း)<br>၃။ Cancer-Life – threatening-(ကင်ဆာ)<br>၄။ Renal Failure (ကျောက်ကပ်ပျက်စီးခြင်း)<br>၅။ Major Organ Transplant (ကိုယ်တွင်းအင်္ဂါ အစားထိုးကုသခြင်း)<br>၆။ Heart Valve Replacement or Repair (နှလုံးအဆို့ရှင်အစားထိုးခြင်း (သို့) ပြုပြင်ခြင်း)<br>၇။ Coronary Artery bypass surgery (လမ်းကြောင်းလွှဲ၍ နှလုံးခွဲစိတ်ကုသခြင်း)<br>၈။ Severe Burns (ပြင်းထန်စွာမီးလောင်ခြင်း)<br>၉။ Coma -သတိမေ့ခြင်း<br>၁၀။ Bacterial Meningitis (ဘက်တီးရီးယားကြောင့်ဖြစ်သော ဦးနှောက်အမြှေးရောင်ခြင်း) | ၁၀ သိန်းကျပ် |
| ၂။ | သေဆုံးခြင်း (၁) ယူနစ် | -သေဆုံးသည့်အခါ သို့သော်အထက်ဖော်ပြပါ ပြင်းထန်ရောဂါကြောင့် အကျိုးခံစားခွင့်ပေးချေထားပြီး အခြေအနေ ဖြစ်ပါက အာမခံစာချုပ်သည်ပျောက်ပျက်သွားမည်ဖြစ်ပြီး သေဆုံးမှုအကျိုးခံစားခွင့် ရရှိမည်မဟုတ်ပါ။ | ၁၀ သိန်းကျပ် |


ရုံးချုပ်
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

**အကျိုးခံစားခွင့်အကျုံးမဝင်သည့်အချက်များ**

အောက်ဖော်ပြပါကိစ္စရပ်တစ်ခုခုနှင့် ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်ခံစားရသော ပြင်းထန်သောရောဂါ (သို့) သေဆုံးခြင်းတို့အတွက် အကျိုးခံစားခွင့် အကျုံးဝင်မည်မဟုတ်ပါ။

(၁) ဆေးကုသမှုခံယူနေခြင်း ၊ ဆေးကုသရန် ဆရာဝန်၏ထောက်ခံချက်ရရှိထားခြင်း ၊ ရောဂါလက္ခဏာရှိပြီးသားဖြစ်နေခြင်း။

(၂) စိတ်ပေါ့သွပ်ခြင်း၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း။

(၃) ကျန်းမာရေးဆေးစစ်ရန်နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း။

(၄) အလှအပအတွက်ဖြစ်ခြင်း။

(၅) နားကြားကိရိယာတပ်ဆင်ရန်အတွက် ဖြစ်ခြင်း။

(၆) ကိုယ်ခန္ဓာချို့ယွင်းခြင်း။ (သို့) မသန်မစွမ်းခြင်း။

(၇) မူးယစ်ဆေးဝါးသုံးစွဲခြင်း။

(၈) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း။

(၉) AIDS/HIV ဖြစ်ခြင်း။

(၁၀) အကြမ်းဖက်ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင်ဖြစ်ပွားခြင်း။

(၁၁) လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ။

(၁၂) မိမိကိုယ်ကိုသတ်သေခြင်း။ (သို့) မိမိကိုယ်ကိုဒဏ်ရာအနာတရဖြစ်အောင်ပြုလုပ်ခြင်း။

(၁၃) ပြင်းထန်သောရောဂါကုသမှုတွင် အာမခံစသည့်နေ့ (သက်တမ်းဆက်ထားသည့်စာချုပ်ဖြစ်ပါက သက်တမ်းမဆက်မီစာချုပ်၏ အာမခံစသည့်နေ့) မှစပြီးရက်ပေါင်း (၉၀) အတွင်း ရောဂါအမည်သတ်မှတ်ခံရသည့် ကင်ဆာဖြစ်သောအလုံးအကျိတ် (Malignant Tumor)ကိုကုသခြင်း။

(၁၄) ကင်ဆာရောဂါအတွက် ပြင်းထန်သောရောဂါကုသမှုတွင် Carcinoma in situ / Intraepithelial Neoplasm (အက်ပီသီလျှမ်အလွှာတွင်း အလုံးအကျိတ် အရေပြား၊ အသက်ရှူ ၊ အစာနှင့် ဆီးလမ်းကြောင်းတို့၏ အခေါင်းအဂါလမ်းကြောင်း အားလုံးရှိ အက်ပီသီလျှမ်ဆဲလ် အလွှာတွင် အလုံးအကျိတ်ဖြစ်ပွားခြင်း) ။

(၁၅) Coma ရောဂါ-သတိမေ့ခြင်းအတွက် သုံးသောဆေးများ လွန်ကဲရာမှဖြစ်ပေါ်လာသော သတိမေ့ခြင်း၊ ဦးနှောက်သေဆုံးခြင်းကြောင့် သတိမေ့ခြင်း။

(၁၆) Bacterial Meningitis - ဘက်တီးရီးယားကြောင့်ဖြစ်သော ဦးနှောက်အမြှေးရောင်ရောဂါတွင် ဗိုင်းရပ်(စ်)ကြောင့်ဖြစ်သော ဦးနှောက်အမြှေးရောင်ခြင်း။

**အာမခံထားရှိလိုပါက**

အာမခံထားရှိလိုပါက FNI (General) ရုံးချုပ်၊ ရုံးခွဲများသို့လည်းကောင်း၊ FNI (General) နှင့်ဆက်သွယ်ဆောင်ရွက်လျှက်ရှိသော အာမခံကိုယ်စားလှယ်များ သို့လည်းကောင်းဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများမှာ ပြင်းထန်သောရောဂါကုသမှုအာမခံ အချက်အလက်များကို အကျဉ်းချုပ်ဖော်ပြထားခြင်းသာ ဖြစ်ပြီး ပေါ်လစီ၏ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များကို www.fnigeneral.com တွင် အာမခံအမျိုးအစားအလိုက် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

ရုံးချုပ်
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

လျော်ကြေးကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်ပါက
**Claim Hot Line : 09-940777888** သို့
ချက်ချင်း အကြောင်းကြားရပါမည်။